
ဆက်အောင်ရေး

၂၅-ပြား

၁-၅၁

# တလမ်းသွား



# တလမ်းသွား

ဆက်အောင် - ရေးသည်

ပန်းချီသရုပ်ဖော် - ဟယ်ရီအောင်

စာပေဗိမာန်ထုတ်ပြည်သူ့လက်စွဲစာစဉ်

ဟေသာ ယုမွန်

## ၁၉၅၉ - ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ (မှတ်ပုံတင်) အက်ဥပဒေပုဒ်မ-၇ (၁) အရ၊ ပေးအပ်သော ဝန်ခံချက်များ

အောက်တွင် လက်မှတ်ရေးထိုးသူ ကျွန်တော် ဦးမြတ်စိုး သည် ၁၉၅၉ ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ (မှတ်ပုံတင်) အက်ဥပဒေ၏ ဒုတိယဇယားတွင် ဖော်ပြထားသည့် အောက်ပါ ဝန်ခံချက်များနှင့်အညီထာဝစဉ် ဆောင်ရွက်ရန် ကတိခံဝန်ချက် ပြုပါ သည်။

(က) ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေတွင် ပါရှိသော မူလအခွင့်အရေးများကို ပျက်ပြားစေရန် ကြံရွယ်သော၊ သို့တည်းမဟုတ် ပျက်ပြားမည့်အကြောင်းဖြစ်ပေါ်စေသောမည်သည့် အကြံပေးမှု၊ တိုက်တွန်းမှု၊ လှုံ့ဆော်မှု၊ အားပေးမှု၊ သို့တည်းမဟုတ် ဝါဒဖြန့်မှုမျိုးကိုမဆို မည်သည့်အခါမျှ မပြုပါ။

(ခ) ဘာသာရေးဆိုင်ရာ ကိုးကွယ်မှုကိုသော်၎င်း၊ ယုံကြည်မှုကိုသော်၎င်းမည်သည့်အခါမျှ မပုတ်ခတ်၊ သို့တည်းမဟုတ် မရှုတ်ချပါ။

(ဂ) နိုင်ငံရေးအာဏာကို လက်နက်ဖြင့် သိမ်းယူရန် မည်သည့်ရွေ့ရှားချက်၊ သို့တည်းမဟုတ် ကျင့်သုံးချက်မျိုးကိုမဆို မည်သည့်အခါမျှ ထောက်ခံခြင်း၊ တိုက်တွန်းခြင်း၊ လှုံ့ဆော်ခြင်း၊ အားပေးခြင်း၊ သို့တည်းမဟုတ် ဝါဒဖြန့်ချိပေးခြင်း မပြုပါ။

(ဃ) ပြည်ထောင်စု မြန်မာနိုင်ငံတွင် မည်သို့သော နိုင်ငံရေးအာဏာရှင် စံနစ်မျိုးကိုမဆို ရွေးရှာရန်၊ တည်ထောင်ရန်၊ သို့တည်းမဟုတ် ကျင့်သုံးရန်၊ မည်သည့်အခါမျှ ထောက်ခံခြင်း၊ တိုက်တွန်းခြင်း၊ လှုံ့ဆော်ခြင်း၊ အားပေးခြင်း၊ သို့တည်းမဟုတ် ဝါဒဖြန့်ချိပေးခြင်း မပြုပါ။

(င) အတိုက်အခံ နိုင်ငံရေးအဖွဲ့အစည်းများတားရှိခွင့်ပြုသော ပါလီမန်ဒီမိုကရေစီ စံနစ်ကို ပျက်ပြားစေရန်ကြံရွယ်သော၊ သို့တည်းမဟုတ် ပျက်ပြားမည့်အကြောင်းဖြစ်ပေါ်စေသော မည်သည့်အကြံပေးမှု၊ တိုက်တွန်းမှု၊ လှုံ့ဆော်မှု၊ အားပေးမှု၊ သို့တည်းမဟုတ် ဝါဒဖြန့်မှုမျိုးကိုမဆို၊ မည်သည့် အခါမျှ မပြုပါ။

(စ) လျှို့ဝှက်ရဲအဖွဲ့ ( Secret Police ) ဖွဲ့စည်း၍ စိုးမိုးအုပ်ချုပ်သည့် စံနစ်မျိုး တည်ထောင်ခြင်းကိုသော်၎င်း၊ တည်ထောင်ရန် ကြိုးပမ်းအားထုတ်ခြင်းကိုသော်၎င်း၊ မည်သည့်အခါမျှ အကြံပေးခြင်း၊ လှုံ့ဆော်ခြင်း၊ တိုက်တွန်းခြင်း၊ ထောက်ခံခြင်း၊ အားပေးခြင်း၊ သို့တည်းမဟုတ် ဝါဒဖြန့်ချိပေးခြင်း မပြုပါ။

(ဆ) အခြားနိုင်ငံတခုခုမှဖြစ်စေ၊ နိုင်ငံခြားသားများထံမှဖြစ်စေ၊ ရုံပုံငွေအတွက် ငွေကြေး၊ သို့တည်းမဟုတ် ပစ္စည်းအကူအညီ၊ အထောက်အပံ့ကို မှတ်ပုံတင် အာဏာပိုင်၏ ကြိုတင်သဘောတူခွင့်ပြုချက်မရဘဲ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ မည်သည့်အခါမျှ လက်ခံခြင်းမပြုပါ။

(ဇ) ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ မူများကို ဆန့်ကျင်သော အဖွဲ့အစည်းများနှင့် လုပ်ငန်းများကို မည်သည့်အခါမျှ ထောက်ခံခြင်း၊ အားပေးခြင်း၊ သို့တည်းမဟုတ် ဝါဒဖြန့်ချိပေးခြင်းမပြုပါ။

လုပ်ငန်းအမည် စာပေဗိမာန်

ထုတ်ဝေသူ၏လက်မှတ်

ဆိပ်ကမ်းအပြည့်အစုံ ၃၆၁ - ပြည်လမ်း၊ ရန်ကုန်မြို့

# တလမ်းသွား

ပူလောင် အိုက်စပ်စွာဖြင့် သန်းမောင်သည် အိပ်ရာမှ နိုးလာသည်။ အိပ်ရာတခြမ်းပေါ်သို့ နေရောင်ထိုးနေ၏။

သန်းမောင်၏ နထင်ကြောများတွင် သွေးတဒိတ်ဒိတ်တိုးကာ ခေါင်းကိုက်နေသည်။ သူသည်တဖက်သို့စောင်း၍ နေလိုက်သေးသည်။ သို့သော် မျက်လုံးတွေ ကျယ်နေ၍ အိပ်ရာမှ ထလာခဲ့လေသည်။

သန်းမောင်သည် အိမ်ရှေ့ခန်း စားပွဲပေါ်မှ ယမန်ညဉ့်က လက်ကျန် ဗျန်ဒီအရက် လက်နှစ်လုံးခန့်ကို ဖန်ခွက်တွင်ထည့်၍ မော့ကျိုက် ချလိုက်သည်။ သူမျက်နှာသစ်ပြီးမှပင် အသက်ခြောက်ဆယ်ကျော် ခြံစောင့်ကြီး ဦးဖိုးခက်သည် လက်ဖက်ရည်ကြမ်းပဲပြုတ်ဆီဆမ်းတို့ ထည့်ထားသော ယွန်းလင်ပန်းကို ကိုင်လျက်အိမ်လေးပေါ်သို့ တက်လာ၏။

သန်းမောင်၏ သက်ပြင်းတွင် အရက်နံ့သင်းနေသဖြင့် 'အင်း-ပြုမြဲဝတ် ပြုပြီးပါပကောလား' ဟု ဦးဖိုးခက်က တွေးမိသည်။ သန်းမောင်၏ ဆံပင်ဖွာလန်ကျဲ မုတ်ဆိတ်ပါးသိုင်း ကျိုးတိုးကျဲတဲဖြင့် မျက်နှာကား ထုံးစံအတိုင်း ညှိုးမှိုင်းနေသည်။

သူသည် စားပွဲပေါ်မှ မိန်းမချောတဦး၏ ဓာတ်ပုံလေးကိုသာ ငေးစိုက်ကြည့်နေလေသည်။ဦးဖိုးခက်က စားပွဲပေါ်မှ အမူးသမား၏ လက်စလက်နများကို ရှင်းလင်းလျက်နေသည်။ အဖိုးကြီးသည်



ဆေးလိပ်တို မီးခြစ်ဆံမီးကျွမ်းများကို လွတ်ရာကျွတ်ရာသို့ သွား ပစ်ပြီးနောက် ကြမ်းပေါ်က ဖုတ်တွေကို လှဲကျင်းစပြုသည်။

"ဟာ- ဦးဖိုးခက်နေပါစေဗျာ။ ဖုံတွေထတယ်။ နောက်ပြီး ရှင်းနေလို့လဲ မထူးပါဘူးဗျာ။ နေသလိုဖြစ်တဲ့လောကမှာ ဖြစ် သလိုနေနေဒါဘဲ ကောင်းပါတယ်- အို–မထူးပါဘူးဗျာ"

ဦးဖိုးခက်သည် စားပွဲပေါ်မှ ဖုံများကို သုတ်ပြန်သောအခါ တွင်မူ သန်းမောင်ကမည်သို့မျှမပြော၊ကြည့်၍သာနေလိုက်သည်။

"အော်–မောင်သန်းမောင်၊ ခုဒင်က ဟိုဖက်ခြံက သူငယ်မ တယောက်လာတယ်။ ခြံထဲကပန်းကလေးတွေ ခူးပါရစေတဲ့ ဆိုလို့ ကျုပ်လဲ ခူးလို့ ပြောလိုက်တယ်။ ကိစ္စမရှိဘူး မဟုတ်လား...."

"ဦးဖိုးခက် သဘောဘဲဗျာ...."

သန်းမောင်က ပဲပြုတ်တဇွန်းကို ခပ်ယူယင်း ဖြေပြီးနောက် ဇွန်းကို ပန်းကန် တွင်းသို့ ပြန်ချထားလိုက်သည်။ ဦးဖိုးခက်သည် သန်းမောင်၏ အကဲကို စောင့်ကြည့်ရာမှ ပြောပြန်သည်။

"ကလေးမလေးက ချက်ချက်ချာချာဘဲ၊ အသက် နှစ်ဆယ် ကျော်လောက်ဘဲ ရှိလိမ့်အုံး ထင်ပါ့။ ရုပ်ရည်က သန့်သန့်၊ သူ့ မိဘများကဆို အစိုးရအလုပ်နဲ့ နယ်ရောက်နေကြပြီး သူကတော့ ကောလိပ်ကျောင်းတက်မလို့ ရန်ကုန်ကို ရောက်လာဆိုကိုး။ အခု ကျောင်းမဖွင့်ခင် ဟိုဖက်ခြံမှာ သူ့ဘကြီးများနဲ့ လာနေဒါတဲ့"

သန်းမောင်ကား ဟုတ်ကဲ့ တခွန်း နှစ်ခွန်းမျှသာ ပြော၍ ငေးချင်ရာ ငေးစိုက်လျက်သာ ကြည့်နေသည်။

× × × ×



ခြံစည်းရိုးနှင့် ကပ်လျက်ပေါက်နေသော သရက်ပင်ရိပ်၌ နုနုကြည်သည် ပက်လက်ကုလားထိုင်ပေါ် အေးအေးလူလူထိုင်ကာ ဝတ္ထုစာအုပ်တအုပ်ကို ဖတ်နေလေသည်။ စစ်ပြီးခေတ် ရှားရှားပါးပါး အချိန်ဖြစ်သဖြင့် ကျန်ရာတွေ့ရာ ဆွဲဖတ်ရသော စာအုပ်ဖြစ်ရကား ဖတ်၍ မကောင်းလှပေ။

စာအုပ်ကလေးကိုသူ၏ မို့မောက်သောရင်အုံပေါ် မှောက်တင်ကာနုနုကြည်သည် မျက်ခွံကြီးတွေကိုပင့်ပြီး သရက်ရွက် သရက်ခက်များကို မော်ကြည့်နေပြန်၏။

သရက်ရွက်များကို လေတိုး၍ တဖျတ်ဖျတ်ခတ်သံ၊ ငှက်ငယ်ကလေးများ၏ ကျီးကျီးကျည်ကျည် မြည်သံတို့မှ တပါး ခြံကျယ်ကြီးမှာ ငြိမ်သက်နေသည်။ပတ်ဝန်းကျင်မှာလှုပ်လှုပ်ရွရွမရှိ ပကတိတည်ငြိမ်နေသဖြင့် နုနုကြည်မှာလည်း ညို့ခတ်မိသူပမာ ငြိမ်သက်စွာပင် ထိုင်နေသည်။

ကိုယ်ခန္ဓာက ငြိမ်သက်၍ပင် နေသော်လည်း နုနုကြည်၏ စိတ်ကား ပျံ့လွင့်၍ နေလေသည်။

တောတွင် ကျန်ရစ်ရှာသည့် ပိဘာနှစ်ပါးကိုလည်း လွမ်းဆွတ်သယောင်ရှိသည်။ မကြာမီ တွေ့ကြုံရတော့မည့် ၁၉၄၆ ခုနှစ် ခေတ်သစ် ကောလိပ်ကျောင်းသူဘဝသို့ ရောက်သွားပြန်တော့လည်း စိတ်မှာ မှူးကြွလာသည်။

တော်လှန်ရေးကာလကြီးအတွင်း ဂျပန်နှိပ်ကွပ်ညှင်းပန်း၍ ကျဆုံးခဲ့ရရှာသော အစ်ကိုကြီးအကြောင်း တွေးမိပြန်လျှင် မျက်ရည်ကလေးများပင် စို့သွားမိသည်။



ထိုမှတဖန် တဖက်ခြံစောင့်ဦးဆိုးခက်ပြောပြသော သန်းမောင်၏ ဝတ္ထုဇာတ်လမ်းကို တွေးမိပြန်သည်။ ခြံနီးချင်း ဦးဖိုးခက်ဒေါ်ဝါနုလင်မယားနှင့် အသိမိတ်ဆွေဖြစ်ကြပြီး ပျင်းပျင်းရှိတိုင်း နုနုကြည်သည် မကြာမကြာ အလည်ရောက်သွားတတ်လေရာ ခြံစောင့်လင်မယားနှင့် တစထက်တစ ရင်းနှီးခဲ့သည်။

လူချင်း အတော်ကျွမ်းသောအခါ ဦးဖိုးခက်တို့က သန်းမောင်၏ အကြောင်းကို နုနုကြည်အား တဆင့် ဖောက်သည် ချကြလေသည်။

သန်းမောင်၏ မိဘနှစ်ပါးမှာ ကုန်သည် မျိုးရိုးဖြစ်ကြ၍ ရှေးစစ်မဖြစ်မီကပင် ကြို့ကုန်းခြံကြီးကို ပိုင်၏။ စစ်အတွင်းက တောသို့ စစ်ပြေးကြရာ၌ ယော်မွေးခြံပေါက် ဦးဖိုးခက် လင်မယားပါ သန်းမောင်တို့နှင့် အတူ ပါခဲ့သည်။

အိုမင်းမစွမ်းသော မိဘနှစ်ပါးအနားက တဖဝါးမကွာ ပြုစုနေယင်း သန်းမောင်သည် မြင့်မြင့်ဆိုသူကလေးနှင့် ချစ်ကြိုးသွယ်မိကြသည်။ ကြမ္မာဆိုးဟူသည် တန္ခယ်ငင် တစင်ပါတတ်ရကား သန်းမောင်တို့ စစ်ပြေးသော တောရွာ၌ ပုလိပ်ရောဂါကပ်ဆိုက်ရာတွင် ချစ်သူ မြင့်မြင့်နှင့် တကွ မိဘနှစ်ပါးစလုံးကိုပါ သေမင်း လက်သို့ ရှေ့ဆင့် နောက်ဆင့် အပ်လိုက်ရလေသည်။ ဤအဖြစ်များကား ၁၉၄၅ ခုနှစ် တော်လှန်ရေးကာလ အတွင်းက ဖြစ်ရရာ ယခု နုနုကြည် ကြားသိရသည့် အချိန်ဖြစ်သော ၁၉၄၆ ခု နှစ်ဦးတွင် ကာယကံရှင်အတွက် ပူပူနွေးနွေးပင် ရှိသေးသည်။

သန်းမောင်သည် စိတ်ညစ်ပြေရန် စသောက်ရာမှ အရက်ကို

စွဲလာခဲ့ရသည်။ စစ်ပြီးသည်နောက် လမ်းပန်းသာလျှင်ပင် ကြို့ ကုန်းရှိ မိဘခြံမြေတွင် ဦးဖိုးခက် လင်မယားနှင့် လာရောက်နေကြ သည်။အခိုက်အတန့်အားလျော်စွာ ခြံထွက် ပန်းများကိုဦးဖိုးခက် က ရောင်းချ၍ တဖက်တလမ်းမှ အိမ်စားရိတ်ကို ခုနိုင်နေသည်။

ဦးဖိုးခက် လင်မယားကလည်း သန်းမောင် စိတ်ပြေလက် ပျောက် နေပါစေအုံးတော့ဟူ၍ ခေတ္တလျစ်လျူရှုထားကြသည်။ အနည်းငယ် သွေးအေးမှ စစ်မဖြစ်မီက ဘီအေတန်းရောက်ခဲ့သူ သန်းမောင်ကို သူများနည်းတူ ပညာဆက်သင်ရန် ဖျောင်းဖျတော့ မည်ဟု သန်းမောင်၏အရိပ် အကဲကို ကြည့်ကာ စောင့်ရှောက် နေခဲ့ကြလေသည်။

× × × ×

သန်းမောင် အကြောင်းကို ကြိုတင် ကြားထားပြီး ဖြစ်သဖြင့် လည်း သန်းမောင်နှင့် စတင် တွေ့ဆုံစကားပြောကြရသည့် အခါ၌ နုနုကြည်သည် သန်းမောင်အပေါ် ကရုဏာဖုံးသဖြင့် အရက် သမားပါကလားဟု ရှုံ့ရှာမုန်းတီးခြင်း မဖြစ်မိပေ။

ထို့ပြင် နုနုကြည်နှင့် သန်းမောင်တို့ နီးစပ်ရန် ဖန်လာသော အခြား အကြောင်းတရပ် ရှိသေး၏။

သန်းမောင်တွင် စစ်မဖြစ်မီ ရှေးခေတ် ကော်လံဘီယာ ဓာတ် ပြားအချို့နှင့် အေဝမ်းသဘင်ဝန် ဓာတ်ပြားအချို့ရှိသည်။ သို့ သော် သူ့စိတ် အလိုလိုက်၍ လွမ်းချင်းကိုသာ ဖွင့်တတ်သူ ဖြစ် သည်။ သန်းမောင်သည် မလှရွှေ၏ မိုးဒေဝါနှင့် မေရှင်၏ သုံးရာသီ ဓာတ်ပြားများကို အဖွင့်များသည်။

ဤခေတ်ပြေးနှစ်ချပ်နှင့် ပတ်သက်၍ တနေ့တွင် နုနုကြည်က သန်းမောင်ကို "အဆွေးသမားကြီးလား" ဟု ရွတ်နောက် ကျီစယ်၏။ တယောက်နှင့် တယောက် ပြောရဲဆိုရဲ ရင်းနှီးလာကြပြီး ဖြစ်ရကား၊ သန်းမောင်၏ အဆွေးဇာတ်လမ်းမှ သန်းမောင် အရက်သောက်ခြင်း အကြောင်းသို့ စကားဆက်မိယင်း နုနု ကြည်က သန်းမောင်ကို အရက်ဖြတ်ရန် တိုက်တွန်းမိလေသည်။

နုနုကြည်နှင့် သန်းမောင်တို့မှာ ထိုနေ့လည်က အခါတိုင်းကဲ့သို့ ပင် သန်းမောင်၏ အိမ်ဦး ဧည့်ခန်း၌ ထိုင်၍ ထွေရာလေးပါးစကား ပြောနေကြ၏။

"နုနုကြည် ကိုယ့်အကြောင်းတွေကို ဒေါ်ဝါနုတို့ဆီက အကုန် ကြားပြီးပြီ မဟုတ်လား။ ကိုယ့်လောက် အရက်မုန်းတဲ့လူဟာ လဲ ကမ္ဘာပေါ်မှာ ရှိခဲ့မယ် မထင်ဘူး။ ဒါပေမဲ့ ကိုယ်ဖြစ်ခဲ့ရတဲ့ အဖြစ်က ဆိုးလွန်းတယ် နုနုကြည်။ ကိုယ်ခံနိုင်ရည် မရှိဘူး။ ကိုယ် လဲ အမြဲဒီလိုနေမယ် စိတ်မကူးပါဘူး။ အရက်သမားဆိုဒါဟာ တကယ် စက်ဆုပ်စရာ လူမျိုးဘဲ။ ကိုယ်သိတယ်။ ဒါပေမဲ့ ခုတော့ ဒီအရက်နဲ့ဘဲ စိတ်ဖြေနေရတယ်"

သန်းမောင်၏ စကားကို နားထောင်ယင်း စောစောက ကျီ စယ် ရယ်ရွှင်နေသော နုနုကြည်၏ မျက်နှာကလေးမှာ တည်ကြည် လာပြီး ကြင်နာရိပ် သန်းလာလေသည်။

"နုပြောမယ်နော်၊ ကိုသန်းမောင် အဖြစ်ဆိုးဒါလဲ အမှန်ပါ ဘဲ။ ဦးဖိုးခက်ပြောပြလို့ သိရပြီးကတဲက နုစိတ်ထဲမကောင်းခဲ့ပါ ဘူး။ နုအစကဆို အရက်သမားဆို သိပ်မုန်းတယ်။ ကိုသန်းမောင်

စိတ်ညစ်လို့ အရက်သောက်တယ်ဆိုဒါကိုလဲ နုအစကတော့ လက်မ မခံနိုင်ခဲ့ဘူး....”

နုနုကြည်က ထိုင်နေရာမှ ကိုယ်ကလေးကို ရှေ့သို့ကိုင်းလျက် စိတ်ပါလက်ပါ ပြောနေသည်။ နုနုကြည်က ခေတ္တ ဆိုင်းပြီး နောက် စကားလုံးများကို ဂရုထား ရွေးချယ်လျက် ဆက်လက် ပြောပြန်သည်။

“အခု ကိုသန်းမောင်ကို နုကောင်းကောင်း သိလာရတော့ ကာ ကိုသန်းမောင်ကို နုတခြားအရက်သမားတွေ စာရင်းထဲ ထည့် မရဘူး။ ကိုသန်းမောင်ဟာ တကယ်တော့ အရှုံးပေးနေဒါဘဲ။ ဟုတ်ပါတယ် ကိုသန်းမောင်ဖြစ်ခဲ့ရတဲ့ အဖြစ်က တကယ်ယူကြုံးမရ စရာဘဲဆိုဒါ နုသိပါတယ်။ ဒါပေမဲ့ ကိုသန်းမောင်ရယ်၊ ဘသူမဆို ကိုယ့်ဒုက္ခမှ အကြီးဆုံးလို့ ထင်ကြဒါချည့်ပါ။ နုလေ၊ နုအစ်ကိုကြီး တဦးကို တော်လှန်ရေး အတွင်းမှာ ဆုံးခဲ့ရတယ်။ မောင်နှမ နှစ်ယောက်ထဲရှိဒါ။ အချစ်ဆုံး အစ်ကိုကြီးကို ဆုံးလိုက်ရတယ် ဆိုတော့ နုစိတ်ကို ဘယ်လောက် ထိခိုက်မယ်ဆိုဒါ ကိုသန်းမောင် စဉ်းစားကြည့်ပေါ့။

“နုတို့ မိန်းမတွေမှာ စိတ်ဒုက္ခ အကြီးအကျယ်တွေ့ရယင်၊ ဘယ်မှာ အရက်သောက်လို့လဲ။ ကိုသန်းမောင်တို့က ယောကျ်ား ရင့်မကြီးတွေပါ။ ဘာဖြစ်လို့ ကိုယ့်စိတ်ကိုယ် မဖြေနိုင်သလဲဟင်။ လောက ဓမ္မတာ ဖြစ်ကြရတဲ့ ကိစ္စကို မေ့ချိန်တန် မေ့ဖို့ ကောင်း ပါပြီ ကိုသန်းမောင်ရယ်”

နုနုကြည်သည် တချီတချီ ဆရာမက ကျောင်းသားကို ဆုံးမ



ဟန်၊ တခါတခါ နှစ်ပငယ်က မောင်ကြီးကိုတိုးလျှိုးချော့မော့ဟန်ဖြင့် စိတ်လိုက်မာန်ပါ ပြောခဲ့ရာမှ တောင်းပန်ဟန်ဖြင့် စကားစကို သပ်ခဲ့သည်။ ကိုသန်းမောင်သည် နှုတ်ဆိတ်၍သာနေမိသည်။

"ကိုယ်ရှက်တယ် နုနုကြည်၊ ကိုယ်ရှက်တယ်--"

ကိုသန်းမောင်မှာ ဤမျှသာ ပြောနိုင်ခဲ့၏။

"နုကို စိတ်ဆိုးသွားသလား...."

"အို- မဆိုးပါဘူး၊ ဘာလို့ ဆိုးရမှာလဲ-"

"နုပြောမယ်နော်၊ ကိုသန်းမောင်ကို အစ်ကိုတဦးလိုဘဲ နု ခင်လို့ ပြောဒါပါ။ နုသာ ကိုသန်းမောင်ရဲ့ နှမလေးဆိုယင် ကိုယ့်အစ်ကို တယောက် ဘဝအဆုံးခံနေဒါကို ကြည့်မနေရက်နိုင်ဘူး"

နုနုကြည်က စကားတန့်ပြီး သန်းမောင်ကို အကဲခတ်နေသေးသည်။ သန်းမောင်ကမူ နှုတ်ဆိတ်၍ပင်နေ၏။

"ကိုင်း-ကိုသန်းမောင်၊ နုကို နှမလေးလို ခင်ယင်ကနေ့ကစပြီး အရက်ဖြတ်ဖို့ ကြိုးစားပါလားဟင်။ ကိုသန်းမောင် အရက်ပြတ်သွားပြီး ကျောင်းပြန်တက်လို့ လူသစ်တယောက် ဖြစ်လာမယ်ဆိုယင် နုသိပ်ဝမ်းသာမှာဘဲ...."

အတွင်းစိတ် လှုပ်ရှားမှု၏ ပြင်းထန်ပုံမှာ သန်းမောင်၏ မျက်နှာရိပ် မျက်နှာကဲတွင် အထင်းသားပေါ်နေသည်။ အဖတ်ဆည်မရတော့ဟု ပစ်ထားခဲ့သော မိမိဘဝကို ဆယ်တင်မည့်သူမှာ မမြော်လင့်ဘဲ ပေါ်လာသည်။ နုနုကြည်၏ ဖြူစင်သော မေတ္တာစေတနာတန်းခိုးကြောင့် သန်းမောင်၏စိတ် အလွန်အမင်းထိခိုက်သွားသည်။



"နုနုကြည်၊ ကိုယ်တနေရာမှာ ဖတ်ခဲ့ဘူးတယ်။အင်္ဂလိပ်လိုဘဲ၊ တခုခုလုပ်စရာ၊ တခုခုမြှော်လင့်စရာ၊ တယောက်ယောက်ကို ချစ်စရာ အဲဒီ သုံးခုဟာဖြင့် ပျော်ရွှင်ခြင်းရဲ့ အဆီအနှစ်ဘဲလို့၊ အခု အခြေအနေမှာ ဒါတွေနဲ့ ကင်းခဲ့လို့ ကိုယ်လဲ ဖြစ်သလိုဘဲ နေခဲ့တယ်။ ဒါပေမဲ့ နှစ်မလေးတယောက်လို ခင်မင်စရာ ပေါ်လာမှတော့ ကိုယ်ဒီအရက်ကို ဖြတ်မယ်- ကိုယ်အရက်ပြတ်သွားယင် နုနုကြည် ဝမ်းသာမှာဘဲ မဟုတ်လား-"

နုနုကြည်သည် ကလေးငယ် တဦးကဲ့သို့ ခေါင်းကလေးကို တဆတ်ဆတ် ညိတ်ပြလေသည်။

"အို.... နု ဝမ်းသာလိုက်တာ ကိုသန်းမောင်ရယ်။ ပြီးတော့ နုကို ကိုယ့်နှစ်မလေးလိုခင်ယင် ဘာဖြစ်လို့ နုနုကြည် နုနုကြည်နဲ့ ခေါ်နေရသေးလဲ- နုကိုခင်တဲ့ လူတွေက ခေါ်သလို နုလို့ဘဲ ခေါ်ပါလား-"

"အေး.... နု၊ နု-နု စေတနာအလကား မဖြစ်ရအောင် ကိုယ် ကြိုးစားမယ်။ နုကို ကိုယ့်ကြောင့် စိတ်မချမ်းမသာ မဖြစ်စေရဘူး-"

× × × ×

အပြောလွယ်သလောက် အလုပ်အလွန်ခက်လှပါတကား။

နုနုကြည်၏ ကရုဏာမေတ္တာစေတ်ကြောင့် အသဲခိုက်အောင် စိတ် ထိခိုက်သွားသဖြင့်သာ သန်းမောင်သည် သူ၏ အကျင့်ဆိုးကြီးကို ဖြတ်ရန် ကြိုးစားစပြုလေသည်။ နေ့ခင်းဖက်တွင်မူ မထောင်းတာလှ။ သို့သော် တယောက်ထီးတည်း ရှိသော ညဉ့်

အခါ၊မှ
လုလုကိုယ်စိတနှမ
    နေ့ခင်းဖက်၌ နုနုကြည်မှ
မကွာလှပေ။

နုနုကြည်သည် စမိသည့် အလုပ်ကို နောက်မဆုတတော့ဟု စိတ်ကို ပိုင်ပိုင်ပင် ဆုံးဖြတ်ထားသည်။ သူစိမ်းတရံဆံယောကျ်ား ပျို တယောက်နှင့် ဤကဲ့သို့ ပူးကပ်ရင်းနှီးစွာနေရခြင်းမှာ မတင့် တယ်လှသည်ကို မိန်းမတယောက်အနေနှင့် ကောင်းစွာ သိသော် လည်း လူတယောက်၏ ဘ၀ကို မဖြစ်ဖြစ်အောင် ကယ်တင်တော့ မည်ဟု သန္နိဋ္ဌာန်ချထားသည်။

သန်းမောင်၏အရက်အာသာမှာလည်းတနေ၀င်တနေထွက်ခဲ့ သည်နှင့်အမျှ တရက်တခွက် လျှော့မှန်းမသိ လျှော့ကာ ဖြတ်မှန်း မသိ ဖြတ်လာခဲ့ရသည်။

နေ့ခင်းတိုင်လျှင် သန်းမောင်က သူနှင့် မြင့်မြင့်၏ ဇာတ် ကြောင်းကို ပြန်ပြောင်းပြောပြယင်း လပေါင်းများစွာ သိမ်းဆည်း ထားခဲ့ရသည့် ရင်တွင်းက လေးလံသော ဝန်ထုပ်မှာ ပေါ့သည်ထက် ပေါ့ပါးလာခဲ့သည်။

သန်းမောင်ထံမှ အရက်ဖြတ်မည့် ကတိကိုရပြီးနောက် တရက် ၌ပင် နုနုကြည်သည် သန်းမောင်၏ အိမ်ဦးခန်းကလေးကို လှဲ ကျင်းရှင်းလင်းပေးခဲ့သည်။

"ကိုင်း- ကိုကိုသန်း၊ တမူပြောင်းတော့မယ်ဆိုယင် ဒီအခန်းက စပြီး အသွင်ပြောင်းလဲ ပစ်ရမယ်။ ကိုကိုသန်းလဲ စုတ်တိစုတ်ဖွားနဲ့



အဆွေးမင်းသားကြီးလို လုပ်မနေနဲ့တော့။ သပ်သပ် ရပ်ရပ် နေရမယ်”ဆိုကာ နုနုကြည်သည် သန်းမောင်၏ဘဝပြုပြင်ရေးကို စခဲ့သည်။

“ကဲ-ကိုကိုသန်းက အခုလိုတော့လဲ လူချောဘဲ၊ နုသွားတယ်၊ အယင်တုန်းကလို အဖိုးကြီး မဟုတ်တော့ဘူး....”

နုနုကြည်က ရယ်ရယ်မောမောနှင့် ပြောသဖြင့် သန်းမောင်လည်း ရောယောင်ရယ်မောကာ စိတ်လက်ရွှင်မြူးလာရလေသည်။ သုံးရာသီနှင့် မိုးဒေဝါသီချင်းသံများကိုလည်း သန်းမောင်၏ ညှော့ခန်းတွင် မကြားရတော့ပေ။

× × × ×

နုနုကြည်၏ ပြုံးရယ် ကြည်လင်သော မျက်နှာကလေးကို ဝရန္တာ၌ မြင်လိုက်ရလျှင် သန်းမောင်၏ ရင်တွင်း၌ လှိုက်ဖိုသွားသည်။ ခြေသံကြားကတည်းက သန်းမောင်သည် ထိုင်ရာမှ ကမန်းကတန်း ထလာခဲ့သည်။

“ဟင်-နု၊ အယင်သုံးလေးရက်က ဘယ်ပျောက်နေဒါတုန်း၊ ခါတိုင်းဆိုယင် နုပျောက်သွားယင် တရက်လောက်ပါဘဲ၊ အခုတော့ အကြာကြီး”

နုနုကြည်သည် သန်းမောင်၏ လှိုက်လှဲ စွာ ပြောလိုက်သံတွင် သက်ပြင်းကလေးကို မသိမသာချလိုက်မိရှာယင်း ညှော့ခန်း ကုလားထိုင်တွင် ဝင်၍ ထိုင်လိုက်သည်။

“နုလေ-ကိုကိုသန်း၊ ရန်ကုန်ကို သွားနေဒါ တနေ့က နုသူငယ်ချင်းတယောက် လာခေါ်ဒါနဲ့ ဖုန်းကနဲ ထလိုက်သွားရတယ်။



ကိုကိုသန်းကို ပြောမလို့ဘဲ အချိန်မရဒါနဲ့၊ ကိုကိုသန်း ပျင်းနေသလား၊ ဟုတ်လား-”

နုနုကြည်သည် ချော့မော့သလို ပြောလေသည်။

“ကိုယ်က အစထဲကိုက နု တရက်လောက် ပျောက်နေယင် နုတို့ ဘကြီး- ကြီးကြီးတို့ကမျှားမကြိုက်လို့လား ထင်နေဒါ၊ အခုတော့ လေးရက်တောင်၊ ကျန်ခဲ့တဲ့ အရက် ၂၀ လောက် အတွင်းမှာ တခါမှ ဒီလောက်ကြာအောင် ပျောက်မနေဘူးခဲ့ဘူး။ ကိုယ်လဲ ဘယ်သူ့ မှ မမေးချင်ဘူးလေ။ နုဟာကိုယ့်ကို ဘာဖြစ်ဖြစ် ပြောသွားမှာဘဲလို့ ကိုယ်ထင်တယ်”

“ကိုကိုသန်း- စိတ်လဲမဆိုးနဲ့နော်- ကိုကိုသန်း အရက်ပြန်သောက်မိသေးသလား-”

“အို- ဘာလို့ သောက်ရမှာလဲ၊ ကိုယ်ဒီအရက်ကို ပြတ်ပြီ။ အဲဒါ နုကြောင့်ဘဲ-”

“နုကြောင့် သက်သက်ချည့်ဘဲ မဟုတ်ပါဘူး။ ကိုကိုသန်းရဲ့ ကိုယ်တိုင်က စိတ်ကို ဆုံးမနိုင်တဲ့ ကြိုးစားမှုလဲ အမျှားကြီး ပါဒါဘဲ”

“ဒါပေမဲ့- ကိုယ် နုနဲ့သာ မတွေ့ယင် ဒီအရက်ကို တော်တော်နဲ့ ဖြတ်ဖြစ်မှာ မဟုတ်ဘူး။ အို....တကယ်ဆိုတော့ ညီမလေး ကျေးဇူးပါကွာ”

နုနုကြည်သည် စိတ်အား ထက်သန်စွာ ပြောနေသည့် သန်းမောင်ကိုငေးကြည့်နေကာ စိတ်ကလေး ကယောက်ကယက်ဖြစ်နေရှာသည်။ သူ၏ စေတနာကြောင့် တဖက်သား အရက်ပြတ်သွားရ

ခြင်းအတွက်လည်း ကျေနပ်နှစ်သိမ့်သည်။ သို့သော် သူမြှော်လင့်ခဲ့သော အကွက်ဆိုက်လာပြီကိုလည်း ရိပ်မိကာ စိတ်မချမ်းမြေ့ဖြစ်မိသည်။ ထိုအခိုက်၌ နုနုကြည်တွင် သန်းမောင်ကို သနားခြင်းစိတ် ပြင်းစွာ ဖြစ်ခဲ့လေသည်။

"ကိုကိုသန်း၊ နု သူငယ်ချင်းကလေ.... ကျောင်းဖွင့်ယင် နုနဲ့အိုင်အေ ဂျူနီယာ အတူတူတက်ကြမှာ တနေ့က နု ပါသွားဒါလဲလေ.... သူနဲ့ အတူတူ ကျောင်းဝင်ကြေး သွားပေးကြဒါဘဲ။ အခု မေလကုန်တော့မယ်လေ ကိုကိုသန်း။ နောက်တပတ်လောက်ဆိုယင် ယူစီ ပြန်ဖွင့်တော့မှာ၊ နု ဟောမှာ သွားနေရမယ်-ကိုကိုသန်း"

ဆေးလိပ်ဖွာယင်း နားထောင်နေသော သန်းမောင်၏ အသိဉာဏ်တွင်းသို့ နုနုကြည်၏ စကားတွေ တလုံးချင်း တလုံးချင်း စိမ့်ဝင်သွားခဲ့လေသည်။ နုနုကြည် ပြောသမျှ၏ အဓိပ္ပါယ်စုံကို ငုံမိသည်တွင် သန်းမောင်၏ ရင်တွင်း၌ ဟာလာဟင်းလင်း ပူပြင်းသော ဝေဒနာတခုကို ခံစားရသည်။

သန်းမောင်သည် ငိုင်နေရာမှ ထလာကာ နုနုကြည် အနီး၌ လာ၍ ရပ်လေသည်။ နောက်နုနုကြည်ဘေးရှိ ပြတင်းပေါက်ကို လက်ညှိုးညွှန်ပြယင်း လေးကန်စွာ ပြော၏။

"နု- ဟိုမှာကြည့်စမ်း။ဟိုတိုက်ပျက်ကြီးကို မြင်ရဲ့မဟုတ်လား။ ကြို့ကုန်းတရွာလုံးလိုလို အဲဒီလို အပျက်ကြီးတွေကို တွေ့ရမယ်။ နု အုတ်နံရံတပိုင်းတစကြီးကိုကြည့်စမ်း။တခါတုန်းက တိုက်တလုံးနော်၊ လူတွေနေလို့ စည်စည်ကားကား သာသာယာယာနဲ့ အခု



တော့ ဗုံးထိလို့ ပျက်စီးနေပြီ။ ရယ်သံ မောသံ လူသံသူသံလဲ မကြားရတော့ဘူး။ကျိုးပဲ့ပျက်စီးနေတဲ့ အုတ်နံရံ အပြတ်ကြီးဘဲ။ ခြောက်ကပ်လို့ .... မီးကျွမ်းလို့ .... နေပူထဲမှာ ထီးတည်းကြီး ငုံးတိတိနဲ့။

"ကိုယ့်ဘဝလဲ အစက အဲဒီလိုဘဲနု။ အခု နုရောက်လာတော့မှ ကိုယ်ဟာလူ့ပြေမှာ နေချင်တဲ့စိတ် ပြန်ပေါ်လာခဲ့ရတယ်"

နုနုကြည်သည် မအံ့သြမိလှချေ။ တနေ့နေ့တွင် သန်းမောင်နှင့် သူတို့၏ ဆက်ဆံမှုသည် ဤအခြေသို့ ဆိုက်ရောက် လိမ့်မည်ကို မျှော်မှန်းကြည့်ပြီး ဖြစ်သည်။ ဤသို့ ဖြစ်လာလျှင် မိမိဘာလုပ်ရမည်ကိုပါ ကျန်ခဲ့သည့်ရက် အနည်းငယ် အတွင်းက အထပ်ထပ်စဉ်းစား ဆုံးဖြတ်ခဲ့ပြီး ဖြစ်သည်။

အုတ်နံရံ ပျက်ကြီးကို ငေးမောကြည့်ရာမှ နုနုကြည်သည် သန်းမောင်၏ မျက် နှာကို လှည့်ကြည့်သည်။ သန်းမောင်၏ မျက်နှာမှာ မကြာမီ ရက်များအတွင်းကကဲ့သို့ မရွှင်လန်းဘဲ သူနှင့်တွေ့စကကဲ့သို့ ညှိုးနွမ်းနေသည်။ ဆံပင်ဖွာရရာကျဲကာ ဝမ်းနည်းဆွေးမြေ့ နေသော သန်းမောင်ကို ငေးလျက် နုနုကြည်သည် ရတက်မအေးနိုင်ရှာတော့ပေ။

"နု - ကိုယ်ပြောနေဒါတွေ ကြားရဲ့လား-"

"ကြားပါတယ် ကိုကိုသန်း။ နုနဲ့ကိုကိုသန်းတို့ဟာ တသက်လုံး ကွဲသွားကြတော့မှာမှမဟုတ်ဘဲ။ ကိုကိုသန်းလဲ ကျောင်းပြန်တက်မယ်မှတ်လား။ ကျောင်းမှာ တွေ့ကြရအုံးမှာပေါ့"

"ညီမလေး-ကိုယ်တခါက ပြောဘူးတယ်မဟုတ်လား။ လူမှာ

တခုခုလုပ်စရာ၊ တခုခုပြောလင့်စရာ၊ တယောက်ယောက် ချစ်စရာ မရှိယင်ဆိုဒါလေ-"

"နု မှတ်မိသွားဘဲ ကိုကိုသန်း၊ နုကိုလဲ ကိုကိုသန်း ညီမလေးလို ချစ်နေရသွားဘဲ-"

"ကိုယ် နုကို ညီမလေးလိုထက်မက ချစ်တယ်နု-"

သန်းမောင်သည် နုနုကြည်၏ မျက်နှာကလေးကို မချင့်မရဲ ငုံ့ကြည့်နေသည်။ သူသည် ခေတ္တမျှ လက်ချောင်းများကို ဆုပ်လိုက် ဖြေလိုက်ဖြင့် စိတ်ကယောက် ကယက် ချီတုံချတုံ ဖြစ်နေရှာသေးသည်။

"ကိုယ်မပြောအပ်ဘူး။မပြောထိုက်ဘူးဆိုဒါနွားလည်တယ်နု။ ညီမလေးရဲ့စေတနာကို ကိုယ်မစော်ကားရက်ဘူး။ဒါပေမဲ့ နု မြော် လင့်စရာ ကင်းခဲ့တဲ့ ဘဝမှာ နုရောက်လာမှ ကိုယ့်မှာ မြော်လင့်စရာ ပေါ်လာခဲ့တယ်။ ကိုယ်....ကိုယ်....အို ကိုယ်နုကို သိပ်ချစ်တယ်နု"

နုနုကြည်သည် မျက်လွှာချကာ ခေါင်းကလေးကို ငုံ့နေသည်။ လက်ကလေး နှစ်ဖက်မှာ လက်ကိုင်ပုဝါဖြူကလေးကို တင်းတင်း ကျစ်ကျစ် ဆုပ်ကိုင်၍ ထား၏။ နောက် မျက်နှာလေးကို ဇွတ် မော့်ကာ သန်းမောင်ကို ရဲရဲတင်းတင်းပင် ကြည့်သည်။

"နု-နုလဲကိုကိုသန်းကို ချစ်သွားဘဲ"

နုနုကြည်သည် ညင်သာ တိုးတိုးစွာ ပြော၏။

× × × ×

နောက်နေ့ဆိုလျှင် နုနုကြည် ကျောင်းသို့ ပြောင်းတော့မည်။ ဤညဥ့်သည် နုနုကြည်နှင့် သန်းမောင်တို့အတွက် နေ့စဥ် တွေ့ဆုံ

နိုင်သော အခွင့်အရေးကို ရစေမည့် ဘဝ၏ နောက်ဆုံးညဉ့် ဖြစသည်။ သန်းမောင်က နှုတ်ဆက်ပွဲ အရက်ပြတ် အောင်ပွဲ အဖြစ် နုနုကြည်ကို ညဉ့်စာစား ဖိတ်ထားခဲ့လေသည်။

နုနုကြည်သည် သန်းမောင်၏ အိမ်ကလေးသို့ တိုက်ရိုက်မသွားသေးဘဲ ဦးဖိုးခက် လင်မယားထံ ဝင်၍ စကားစမြည် ပြောနေသဖြင့် သန်းမောင်နှင့် ချိန်းထားသည့် အချိန်ထက် အနည်းငယ် နောက်ကျနေ၏။

"ငါ့တူမကြီး၊ မောင်သန်းမောင် အပေါ် တကယ်မေတ္တာ ရှိတယ်နော်"

ရုတ်တရက် ကောက်မေးလိုက်သည့် ဦးဖိုးခက်၏ စကားအကြားရ၌ နုနုကြည်သည် သူ၏ လက်ဖဝါးကလေးများဖြင့် မျက်နှာကို အုပ်ထားလိုက်လေသည်။ ခေတ္တမျှတဲတွင်းမှာလည်း ဆိတ်ငြိမ်နေဘိသည်။

တဲအပြင်တွင် ပုစဉ်းရင်ကွဲအောင်သံကိုဖောက်၍ လေတိုးသဖြင့် သစ်ရွက် သစ်ခြောက်တို့ ချိုးချိုးချွတ်ချွတ်မည်သွားသည်။

"ခက်တယ်- ခက်တယ်ဘကြီး။ သူတို့ ယောကျ်ားတွေ အဖို့ မိန်းကလေး တယောက်ကို ချစ်ဖို့လွယ်တယ်။ နုတို့ မိန်းကလေး တွေမှာ ဒီလို မဟုတ်ဘူး။ နု သူ့ကို ခင်ပါတယ်။ ချစ်ပါတယ်။ ဒါပေမဲ့ နုချစ်တာက အစ်ကို တယောက်လိုဘဲ ချစ်တယ်"

နုနုကြည်သည် လက်ကလေးများကို မျက်နှာပေါ်မှ ခွါလိုက်လျှင် မီးရောင်တွင် မျက်ရည်စကလေးများကြောင့် မျက်လုံးကလေးများမှာ စိုဝင်းနေသည်။



"နု မသိဘူး ဘကြီး။ နောက်တော့ဖြင့် သူချစ်သလို နု ချစ်မိလာမှာလား မသိဘူး။ အစကတော့ အရက်သမားမို့ ရွံရှာတယ်။ နောက် ကိုကိုသန်းကို သိလာပြန်တော့ နု သူ့ကို သနားတယ်။ အခုတော့ နု သူ့ကို အစ်ကို တယောက်လိုဘဲ ခင်ပါတယ်။ ဒါပေမဲ့ သူဟာ နု အပေါ် မြွေသိုင်းချက်ကြီး အင်မတန် ထားနေဒါ နု သိတယ်။ နုက ပစ်ပယ်လိုက်ယင် သူ့ဘဝပြန်ဆုံးသွားမှာမို့ နုမကြည့်ရက်ဘူး။ နု သူ့ဘဝကို ကယ်ရအောင် သူ့အလိုကို လိုက်မယ် ဘကြီး"

နုနုကြည်သည် မျက်ရည်စ ကလေးများကို လက်ကိုင်ပုဝါကလေးဖြင့် တို့သုတ်ကာ နေသည်။ အပြင်ဖက်တွင် လေတိုးသဖြင့် သစ်ရွက် သစ်ခက်ချောက်တို့ ဖွိုးဖွိုး ဖျောက်ဖျောက်မြည်သွားသံ ပုစဉ်း ရင်ကွဲသံကို ဖောက်၍ ပေါ်လာပြန်သည်။

× × × ×

နှစ်ယောက်စာ ပြင်ထားသည့် ထမင်း ဟင်း ပန်းကန်တွေမှာ စားပွဲပေါ်တွင် ဣန္ဒြေရစွာ မှောက်နေကြသည်။ အာရုံကို စွဲငြိစေသည့် တခုတည်းသော အရာမှာ ဝင်းဝါ ကြည်လဲ့သော ငရဲရည်များ ပြည့်သည့် ပုလင်းပင် ဖြစ်သည်။

နုနုကြည် နောက်ကျနေ၍ သန်းမောင် ခြံဝသို့ ထွက်လာရာမှ ဦးဖိုးခက်တို့ တဲတွင်းမှ စကားပြောသံ ကြားသဖြင့် လှည့်လျှောက်သွားခဲ့သည်။ တခနား အရောက် နုနုကြည်၏ ရှိုက်သံနှင့် စကားပြောသံတို့ကို ကြားခဲ့ရသည်။ ထိုစကားတို့ကို ကြားခဲ့ရပြီး သန်းမောင်၏ ကမ္ဘာကြီးသည် ပျက်စီးသွားခဲ့လေသည်။

ယခုတော့ ထမင်းစားပွဲတွင် သန်းမောင် တကိုယ်တည်း ထိုင်နေနှင့်ပြီ။

သန်းမောင်သည် ပိနစ်အနည်းငယ်မျှအတွင်း ပုလင်းကြီးထဲမှ တခွက်ပြီးတခွက် ငှဲ၍ ပေ့ာသောက်နေလေ၏။ မကြာမီ ပုလင်းမှာလည်း ခါးကျိုးသွားလေသည်။

သန်းမောင်၏ ဆံပင်များမှာ ဖရိုဖရဲ ဖြစ်နေသည်။ ကော်လာခေါက်ခက်၊ အင်္ကျီလက် ပသေမသတ် လိပ်လျက်၊ သန်းမောင်မှာ အရက်ရှိန် အတော်ရနေပြီ ဖြစ်သည်။

ဖန်ခွက်တဝက်ကို ကောက်မော့ပြီးလျှင် သန်းမောင်သည် ထိုကနဲ တံထွေးကို ထွေးလိုက်သည်။ နောက် ဖန်ခွက်ကို တအား လွှဲပေါက်လိုက်ပြီးနောက် တဟားဟား ကျယ်လောင်စွာ ရယ်မောလေသည်။

နံရံဖြင့် ရိုက်ခတ်ကာ ခွပ်ကနဲ ကွဲသွားသံသည် ရင်တွင်းတွင် ပွဲ့တင်ခတ်ကာ နုနုကြည်သည် လက်ဖဝါးကလေး နှစ်ဖက်ဖြင့် မျက်နှာကို အုပ်လိုက်ပိသည်။ စောစောက မျက်ရည်လည်ခဲ့ရသည်။ ယခုမူ နုနုကြည်သည် ရှိုက်၍ ငိုရပြ။

သန်းမောင်၏ အဖြစ်ကို ပြတင်းမှ လှမ်းတွေ့လိုက်ရသောနုနုကြည်သည် အိပ်တံစက်ဖြိတ် အောက်တွင် ရပ်နေရာမှ ချာကနဲ လှည့်ကာ ပြေးထွက်လာပိသည်။ နောက်မှ ဦးဖိုးခက်၏ ခေါ်သံကိုလည်း မကြားမိ၊ တလောကလုံးတွင် ဖန်ခွက် ကွဲသံသာ ရင်တွင်းမှာ ပွဲ့တင်ထပ်နေတော့သည်။ သန်းမောင်၏ မခြိသွားဖြီးမျက်နှာကြီးမှ လွဲ၍ နုနုကြည်သည် အဘယ် အရာကိုမှလည်း



မမြင်ပိတော့ပေ။ ဖြစ်နိုင်ပါက ဤခြံအပြင်ဖက်သာမက စကြဝဠာ တံတိုင်း၏အပြင်ဖက်သို့ပင် နုနုကြည်သည်ပြေးထွက်ချင်ရှာသည်။

တဖျတ်ဖျတ် ပြေးသွားသည့် နုနုကြည်၏ ခြေသံကို သန်းပေါင် ကြားလျှင် ကမန်း ကတန်း ထကာ ပြတင်းဝသို့ တဟုန်တိုး ရောက်လာသည်။ ပြေးသွားသည့် နုနုကြည်၏ ကျောဖွေးဖွေးလေးကို ငေးယင်း သန်းမောင်သည် သူ၏ ရင်တအုံလုံး ပြုတ်ထွက်သွားသကဲ့သို့ ခံစားရမိသည်။ ပြတင်းဘောင်ကို ဆုပ်ထားသော လက်များတွင် အကြောကြီးများ အပြိုင်းပြိုင်း ထကာ သွားကျိုးမတတ် တင်းတင်း စေ့ထားသော သန်းမောင့် နှုတ်မှ တခွန်း တပါဒမျှ ထွက်မလာပေ။

သူ၏ ဟာလာဟင်းလင်း ဗလာကျင်းနေသော ရင်တွင်းမှသာ သန်းပေါင်သည် နုနုကြည်၏ အမည်ကို အဖန်ဖန် တ,နေသည်။

သန်းပေါင်သည် နုနုကြည်ကို မမြင်ရတော့သည့် အဆုံးမှ ချာကနဲ လှည့်၍ စားပွဲ သို့လျှောက်သွားသည်။ သူရယ်သည်။ သို့သော် ရယ်သံမှာခြောက်ကပ်နေ၍ အဖျားတက် သူညည်းသည့် အသံမျိုး ထွက်လာသည်။ သန်းမောင်၏ မျက်လုံးများမှာ စိုနေသည်။

သန်းမောင်သည် စားပွဲပေါ်မှ ပုလင်းကို ငေးစိုက်ယင်းက တတွတ်တွတ် ပြောလေသည်။

“ညိမလေး တယောက်ကိုတော့ အဆုံးခံလိုက်မယ်။ ဒါပေမဲ့ ညိမလေးရဲ အတိုင်းမသိ စေတနာနဲ့ မေတ္တာကိုတော့ ကိုကိုသန်း တသက်လုံး အဆုံးမခံပါဘူးကွာ....”

အက်ကွဲသော အသံမှာ ပြောယင်း တိုးတိမ်ရာမှ အ
နစ်သွားသည်။ ပင့်သက်ကြီးကို ရှိုက်လိုက်၍ သန်းမောင်
လက်ကြီးကို လွှဲရမ်းကာ စားပွဲပေါ်မှ ပုလင်းကို ခါးလည်မှ ပို
ရိုက်ချလိုက်သည်။ ပုလင်းမှာ လွင့်စင်၍ ကြမ်းပေါ်သို့ ကျကွဲသ
ရာ ပုလင်းထဲမှ အေးစက်နေသည့် လက်ဖက်ရည်ကြမ်းတိ
လည်း ကြမ်းပြင်ပေါ်တွင် အိုင်ထွန်း၍ သွားသည်။

နုနုကြည်က သူ့ဘဝကို ဆယ်တင်ရန် အကြောင်းကြော
သူ့အလိုကို လိုက်မည် ဆိုခြင်းကို သူလက်မခံရက်။ သူအလိုင်
မှာ နုနုကြည်၏ ပယောဂကင်းသော မေတ္တာ ဖြစ်၏။ ထို
နုနုကြည်ကလေး၏ စေတနာလည်း တန်ဖိုး ရှိအောင် သူက
က သူ့ကို နှစ်နှစ်ကာကာ မချစ်ဘဲ အလိုလိုက်ရသည့် အဖြ
လည်း ကင်းလွတ်အောင် သန်းမောင်သည် ပရိယာယ် ဆ
သည်။

သူသည် အရက် ပြန်၍ သောက်နေဟန်ဆောင်ခဲ့၏။ နုနု
ကြည်က သူ့ကို ခွေးမြီးကောက် ကျည်ထောက် စွပ်ပြီ၊ တလမ်း
သွား ပြုပြင် မရဘဲဟု အထင်မှားပြီး သူ့ကို စိတ်ပျက်သွားစေရန်
လက်ဖက်ရည်ကြမ်းတွေကို ပုလင်းလွတ် တလုံးတွင် ထည့်ပြီး
အရက်သောက်ဟန် ဆောင်ကာနေခဲ့ခြင်း ဖြစ်သည်။

"အော်ကွာ....အော်ကြ-ရင်ကွဲအောင် အော်ကြ"

အပြင်တွင် အော်နေကြသည့် ပုစဉ်းတို့မှာ သန်းမောင်၏
စကားကိုလည်း နားမလည်၊ လူ့လောက၏ ဇာတ်လမ်း မှန်သမျှ
ကိုလည်း နားလည်ကြသူများ မဟုတ်ကြပေ။

---

စာပေဗိမာန်ပုံနှိပ်တိုက်၊ ၃၆၁- ပြည်လမ်းတွင်ရိုက်နှိပ်၍
စာတည်းမှူး ဦးမြတ်စိုးက တာဝန်ခံထုတ်ဝေသည်